Myanmar
E-Channel
Media
Resources

# အကြောင်းအရာ

# မည်သည့်အရာမှာ လူတစ်ဦးကို ဆိုးယုတ်စေသနည်း။






## ရုပ်ရှင်

ဦးနှောက်၏ လျှို့ဝှက်ဆန်းကြယ်မှု – မည်သည့်အရာမှာ လူတစ်ဦးကို ဆိုးယုတ်စေသနည်း။

## အမျိုးအစား

ရုပ်ရှင်အား ပြန်လည်ကြည့်ရှုခြင်းနှင့် ဆင်ခြင်သုံးသပ်ခြင်း

## ခေါင်းစဉ်များ

ဦးနှောက်၊ စိတ်ခံစားချက်၊ ဆိုးယုတ်မှု၊ စာနာမှု၊ သုတေသန၊ ဆင့်ကဲဖြစ်စဉ်၊ အကြမ်းဖက်မှု၊ အမဲလိုက်ခြင်း၊ စိတ်ပညာ။

## ဘာသာရပ်

ဇီဝဗေဒ၊ ကျန်းမာရေး၊ လူမှုရေးပညာရပ်။

## ဆက်စပ်အကြောင်းအရာများ

ရာဇဝတ်မှု၊ မျက်နှာ၊ စိတ္တဇရာဇဝတ်ကောင်၊ ဉာဏ်စွမ်းရည်၊ MRI၊ အကျဉ်းထောင်၊ ကွန်ဂို၊ ဒုတိယကမ္ဘာစစ်၊ မုဒိန်းကျင့်ခြင်း။

## ခက်ခဲမှုအဆင့်

အဆင့်မြင့်အဆင့်

## ကြာမြင့်ချိန်

မိနစ် ၅၀ ခန့်

# နိဒါန်း

လူတစ်ဦးကို မည်သည့်အရာက ဆိုးယုတ်စေသနည်း။ ၎င်းအရာသည် ကိုယ်တိုင်မည်သို့ဖော်ပြနေသနည်း။ လူဆိုးလူယုတ်တစ်ဦး၌ ရှိသည့် လက္ခဏာအချို့ ရှိပါသလား။ ဦးနှောက်ဆိုင်ရာ သုတေသီများသည် ဤမေးခွန်းများနှင့် ပတ်သက်၍ အချိန်ကြာမြင့်စွာ ဖြေရှင်းလျက် ရှိနေခဲ့ကြသည်။ ၎င်းတို့မှ လူသားတို့တွင် ဆိုးယုတ်မှုရှိ မရှိကို လေ့လာလျက်ရှိပြီး ထိုအရာသည် သင်ယူ တတ်မြောက်နိုင်ခြင်း သို့မဟုတ် လူအများ၏ ဖိနှိပ်ချုပ်ချယ်ခြင်းကြောင့် ဖြစ်ခြင်း ဟုတ်မဟုတ်ကို လေ့လာလျက်ရှိသည်။ ၎င်းတို့က လူအချို့တွင် မည်သည့်အရာများ ဖြစ်နေသည်ကို လေ့လာလိုကြသည်။ ၎င်းတို့အဘယ်ကြောင့် ဆိုးယုတ်လာကြသနည်း။ မူလအစသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်နှင့် မျိုးရိုးဗီဇတွင် တည်ရှိနေသည်။ အဆိုပါ အကြောင်းအရာ နှစ်ခုကြားတွင် အချက်များစွာ ပါဝင်ပတ်သက်လျက်ရှိသည်။ ဆင့်ကဲဖြစ်စဉ်၏ ရှုထောင့်မှကြည့်လျှင် လူတိုင်းသည် အမဲလိုက်ခြင်း အတတ်ကို အတိုင်းအတာတစ်ခုအထိ တတ်မြောက်ထားကြပြီး ၎င်းသည် လူမှုရေးစံနှုန်းများနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ အမြင်များအပေါ်တွင် မူတည်၍ ကွဲပြားခြားနားမှု ရှိသည်။ ဤရုပ်ရှင်တွင် အထူးသဖြင့် လူများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်၌ အဆိုပါ အချက်များ၏ အရေးပါမှုကို မီးမောင်းထိုးပြထားပြီး လူတစ်ဦးအနေဖြင့် အကြမ်းဖက်မှု ပြုလုပ်ရန် မည်သည့်အချက်များက အဓိကကျသည်ကို ဖော်ပြပေးထားသည်။

# အဓိကရည်မှန်းချက်များ

- ဦးနှောက်၏ စိတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို နားလည်ရန်။
- ဆိုးယုတ်မှုကို နားလည်ပြီး ရှုံ့ရှာတတ်စေရန်။
- လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်များကို နားလည်ရန်။
- ပဋိပက္ခနှင့် အကြမ်းဖက်မှုကို ခွဲခြားသိရှိပြီး ဆင်ခြင်သုံးသပ်နိုင်ရန်။

# အကြံပြုထားသော သင်ခန်းစာ အစီအစဉ်

- ရှင်းလင်းပြတ်သားသည့် ခေါင်းစဉ်များကြောင့် မြင်တွေ့ရမည့်အရာများကို ဆွေးနွေးခြင်းမှာ ဤသင်ခန်းစာအတွက် အလွန်အရေးကြီးသည်။
- ဆရာအနေဖြင့် ကျောင်းသားများအပေါ်၌ ပညာရေးသင်ကြားမှုဆိုင်ရာ အကျိုးသက်ရောက်မှုရှိရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးဆိုင်ရာရုပ်ရှင်မှ ကျောင်းသားများ နားမလည်နိုင်သော အကြောင်းအရာများ ဖြစ်သည့် (လူသတ်မှု၊ အကြမ်းဖက်မှုနှင့်ဆိုင်၍ စိတ်ကူးယဉ်မှုများ၊ မုဒိမ်းမှု၊ ကလေးစစ်သားစသည်) ပါဝင်နေခြင်းကြောင့် ဖြစ်သည်။
- ရုပ်ရှင် မပြမီတွင် ဆရာသည် ရုပ်ရှင်၏ အဓိကအကြောင်းအရင်းနှင့် ပတ်သက်၍ တိကျစွာ ရှင်းပြပေးပါ။ လူများအနေဖြင့် အဘယ်ကြောင့် ဆိုးရွားသော အရာများကို ပြုလုပ်နေခြင်းနှင့် ကျွန်ုပ်တို့၏ ဦးနှောက်က မိမိတို့၏ လုပ်ဆောင်မှုများအပေါ် မည်သို့သြဇာသက်ရောက်သည်ကို သိရှိနိုင်ရန် အရေးကြီးသည်။
- ရုပ်ရှင်အပြီးတွင် မည်သည့်အရာများကို ဆွေးနွေးမည်ကို ကြိုတင် အသိပေးပါ။

- ပညာရေးဆိုင်ရာ ရုပ်ရှင်ကို ပြသပါ။
- ၎င်းတို့ မည်သည့်အရာကို တွေ့ရှိခဲ့သနည်း၊ သုတေသနက မည်သည့်အရာကို ပြသခဲ့သနည်း။ ၎င်းတို့ မည်သည့်အရာကို နားမလည်သနည်း။ ၎င်းတို့မသိသည့် အရာမှာ အဘယ်နည်း။ အစရှိသည့်တို့နှင့် ပတ်သက်၍ ကျောင်းသားများဖြင့် ဆွေးနွေးပါ။
- သက်ဆိုင်ရာ မေးခွန်းများကို ရှင်းလင်းပြပြီး ခေါင်းစဉ်ဖြစ်သည့် အဘယ်ကြောင့် လူသားများ ဆိုးယုတ်မှုများကို ပြုမူသနည်းဆိုသည့် အရာနှင့်ပတ်သက်၍ ချိတ်ဆက်ရှင်းလင်းပြပါ။
- ဆင့်ကဲဖြစ်စဉ်နှင့်ပတ်သက်၍ လျစ်လျူရှု မထားပါနှင့်။ သို့ရာတွင် ကျွန်ုပ်တို့၏ မျိုးရိုးဗီဇကြောင့် ဖြစ်ရသည်ဆိုသည့် အယူအဆကို တရားဝင်မဖြစ်ပါစေနှင့်။
- လူ့အဖွဲ့အစည်း၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများသည် ကျွန်ုပ်တို့၏ အပြုအမူများ အတွက် အဓိက တာဝန်ရှိကြောင်းနှင့် လူမှုအသိုင်းအဝိုင်းတွင် အကြမ်းဖက်မှုအတွက် နေရာမရှိကြောင်းကို အလေးပေး ဖော်ပြပါ။
- ကျောင်းသားများအတွက် သိသာထင်ရှားသော မြင်တွေ့ရမှုသည် ၎င်းတို့၏ သိမြင်မှုဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အကူအညီပေးသည်။ ၎င်းတို့သည် အကြမ်းဖက်မှုကို ရွံ့မုန်းသင့်သော်လည်း အဆိုပါအကြောင်း၏ နောက်ကွယ်မှ ဖြစ်စဉ်များကို နားလည်ရန် သင်ယူသင့်သည်။